# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

တတိယနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ (၈၉.၂၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ၃-၂-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာမြတ်ညဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးတက်ရောက်ရန်။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကွင်းဆင်းခရီးစဉ်သွားရောက်ရန်။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း၊ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံဟော်လုံ(ဟော်နန်း) မြေနေရာအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့ဟာ (၁၂)ရာစုကတည်းကတည်ရှိတဲ့ မြို့ဟောင်းဖြစ်ပြီးတော့ ရှမ်းစော်ဘွားများရဲ့ နန်းစိုက်ရာ မြို့တော်ဖြစ်ပါတယ်။ ဟော်နန်းနှင့်အတူ မြို့ကို ဝန်းရံထားတဲ့မြို့ရိုးကို အေဒီ ၁၃၈၇ ခုနှစ်ကတည်းက တည်ဆောက်ခဲ့ပါတယ်။ ယနေ့အထိ မြို့ရိုး၊ ကျုံးနှင့် တံခါးပေါက် တချို့ကို မြင်တွေ့နိုင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျန် လက်ထက် ဗြိတိသျှကိုလိုနီခေတ်

အေဒီ ၁၉၀၃ ခုနှစ် အိန္ဒိယနိုင်ငံ ဒေလီ ဒါဘာမြို့မှာ ကျင်းပတဲ့ King Award VII ကို Emperor of India တင်မြှောက်တဲ့ ဘိသိက်အခမ်းအနားမှာ ကျိုင်းတုံစော်ဘွားလည်း ဖိတ်ကြားချက်အရ တက်ရောက်ခဲ့ရပါတယ်။ အိန္ဒိယတွင်ရောက်ရှိစဉ် မဟာရာဂျာတို့ရဲ့ ဟော်နန်းပုံစံကို သဘောကျ၍ ၁၉၀၅ ခုနှစ်မှာ အိန္ဒိယမှ ဗိသုကာ(၂)ဦး ဆင့်ခေါ်ပြီး မဟာရာဂျာ ဟော်နန်းပုံစံအတိုင်း ကျိုင်းတုံ (ဟော်နန်း)အသစ်ကို တည်ဆောက်စေပါတယ်။ ဒါကြောင့် ကျိုင်းတုံ(ဟော်နန်း)ဟာ ရှမ်းပြည်နယ် အတွင်း စော်ဘွားဟော်နန်းများအနက် အခန့်ညားဆုံး၊ အလှပဆုံး၊ ထင်ပေါ်ကျော်ကြားဆုံး ဟော်နန်းတစ်ခုဖြစ်ပါတယ်။ ကျိုင်းတုံမြို့ရဲ့ အမှတ်အသားလည်းဖြစ်ပါတယ်ခင်ဗျား။ ကျိုင်းတုံ ဟော်နန်းကို ၉-၁၁-၁၉၉၁ ခုနှစ်မှာ ပြည်နယ်အာဏာပိုင်များက ဖြိုဖျက်ခဲ့သဖြင့် ကျိုင်းတုံမြို့နေ ရှမ်းတိုင်းရင်းသားများနှင့် ပြည်သူများ လွန်စွာ ယူကျုံးမရ ဝမ်းနည်းပူဆွေးခဲ့ရပါတယ်။

ယခုအခါ ကျိုင်းတုံမြို့ ပြည်သူများ ပူးပေါင်းပြီး ရှေးဟောင်းအမွေအနှစ်ဖြစ်တဲ့ ကျိုင်းတုံ၊ ဟော်လုံ(ဟော်နန်း) မြေနေရာအား ပြန်လည်တောင်းခံ၍ ပြန်လည်တည်ဆောက်ရန် ဆန္ဒအား အကောင်အထည်ဖော်ရန် ဆုံးဖြတ်ပြီး နိုင်ငံတော်အစိုးရအနေနှင့် ဟော်နန်းမြေနေရာအား ပြန်လည် စွန့်လွှတ်မည်ဆိုပါက မူလပိုင်ရှင်ဖြစ်တဲ့ ကျိုင်းတုံစော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျန် ရဲ့ ဆွေမျိုးရင်းချာများ ပါဝင်လျက် ကျိုင်းတုံမြို့နေပြည်သူများ၊ သံဃာတော်များနှင့်အတူ ကျိုင်းတုံ (ဟော်နန်း)အစဉ်တည်တံ့ ထိန်းသိမ်းရေးကော်မတီအနေဖြင့်ဖွဲ့စည်းကာ ကျိုင်းတုံ(ဟော်နန်း) မြေ နေရာအား ပြန်လည်လက်ခံ၍ ကျိုင်းတုံ(ဟော်နန်း) ပြတိုက်ကို တည်ဆောက်သွားမှာဖြစ်ပါတယ် ခင်ဗျား။ ဤကိစ္စနှင့် ပတ်သက်ပြီးတော့ ကျိုင်းတုံဟော်လုံ ဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ စဝ်ဒိတ် (Sao Dait) မှ လက်မှတ်ထိုး၍ ၃၀-၈-၂၀၁၉ ရက်နေ့မှာ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြထားပြီးဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံ(ဟော်နန်း)ကို ယနေ့အထိ ကျိုင်းတုံ မြို့သူမြို့သားများ ရင်တွင်း၌ အမှတ်ရနေဆဲဖြစ်ပါတယ်။ နေအိမ်အချို့တွင်လည်း အဆိုပါ ဟော်နန်း ဓာတ်ပုံကို အမြတ်တနိုး အမှတ်တရ ချိတ်ဆွဲထားကြောင်း တွေ့ရှိရပါတယ်။ ပြည်သူများ၏ နှလုံးသားထဲအထိ အမြဲရှင်သန်နေဆဲလို့ ယူဆရပါတယ်ခင်ဗျား။ ယခုနှစ် ကျိုင်းတုံမြို့မှာ ကျင်းပတဲ့ ရှမ်းနှစ်သစ်ကူးပွဲတော်မှာ ရှမ်းအရှေ့အဖွဲ့မှ ရှမ်းတိုင်းရင်းသားများဟာ ကျိုင်းတုံမြို့နယ် ကိုယ်စားပြု အမှတ်အသားဖြစ်တဲ့ ကျိုင်းတုံ(ဟော်နန်း)ဓာတ်ပုံကို ကိုင်ဆောင်ပြီး အသုံးပြုထားတာကို တွေ့ရ ပါတယ်။ မြို့ရိုးကိုလည်း ပုံပါအတိုင်း ထိန်းသိမ်းမွမ်းမံထားတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်၍ ကျိုင်းတုံ(ဟော်နန်း)မြေနေရာကို တိုင်းရင်းသားများရဲ့ ရိုးရာအမွေအနှစ်အဖြစ် ပြန်လည်ထိန်းသိမ်း သွားနိုင်ရန်အတွက် ဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်ပေးနိုင်ရန် အစီအစဉ်ကို လေးစားစွာ မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ကျိုင်းတုံဟော်လုံ(ဟော်နန်း)ပြပုံ (၈)



ကျိုင်းတုံစော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျှန်(၁၈၉၆-၁၉၃၅)(၁၉၀၆ ခုနှစ်တွင် ကျိုင်းတုံဟော်နန်း တည်ဆောက်သူ) ပုံ(၈-၁)




ကျိုင်းတုံအဖွဲ့မှ ဟော်ပုံကိုင်ဆောင်၍ တောင်ကြီးမြို့ ရှမ်းနှစ်သစ်ကူးပွဲသို့ တက်ရောက်သည့် မြင်ကွင်းပုံ (၈-၂)



**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၂။**

**ဦးတင်လတ် (ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်လတ် မှ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ အစည်းအဝေးမှာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် မေးမြန်းထားတဲ့ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ကျိုင်းတုံ(ဟော်နန်း)မြေနေရာအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့အတိုင်း ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ ဦးပိုင်အမှတ် (၅၈) နှင့် ဦးပိုင်အမှတ် (၅၉)၊ စုစုပေါင်းမြေဧရိယာ (၅.၉၆၀)ကေ မြေနေရာအပေါ်မှာ အိန္ဒိယ ဗိသုကာပညာရှင်များ ခေါ်ယူလာပြီး ၁၉၀၅ ခုနှစ်က စတင်တည်ဆောက်ခဲ့တဲ့ ကျိုင်းတုံ(ဟော်နန်း)ကို ၁၉၉၁ ခုနှစ်မှာ ပြည်နယ်အာဏာပိုင်များက ဖြိုဖျက်ခဲ့သည်ကို ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရန် ကျိုင်းတုံစော်ဘွားရဲ့ဆွေမျိုးများပါဝင်တဲ့ ကျိုင်းတုံ(ဟော်နန်း) ဖော်ဆောင်ရေးကော်မတီက ကျိုင်းတုံ(ဟော်နန်း) မြေနေရာကို ပြန်လည်တောင်းခံပြီး ကျိုင်းတုံ ဟော်လုံပြတိုက် ပြန်လည်တည်ဆောက်ရန် ဆန္ဒရှိသဖြင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းထားတဲ့ အဲဒီမြေနေရာကို လွှဲပြောင်းရယူဖို့ ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက် အရ တင်သွင်းတဲ့ ၈-၈-၁၉၉၁ ရက်စွဲပါ အစီရင်ခံစာမှာ ကိုလိုနီခေတ် ပုံစံတည်ဆောက်ခဲ့တဲ့ ကျိုင်းတုံဟော်အဆောက်အအုံဟာ ဘက်စုံယိုယွင်းပြီး ခိုင်ခန့်မှုမရှိတော့ကြောင်း ဖော်ပြပါရှိတဲ့ အတွက် ရှမ်းပြည်နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၈-၁၀-၁၉၉၁ ရက်နေ့အစည်းအဝေး ကနေ အဆောက်အအုံကို ဖျက်သိမ်းပြီး နိုင်ငံတကာအဆင့်မီဟိုတယ် တည်ဆောက်ဖို့ ဆုံးဖြတ်ခဲ့တယ်လို့ သိရှိရပါတယ်။

အဲဒီဆုံးဖြတ်ချက်အရ ဦးပိုင်အမှတ် ၅၉(ခ)အကွက်မှာရှိတဲ့ မြေဧရိယာ(၁.၇၉၄)ကေ အပေါ်မှာ ကျိုင်းတုံဟိုတယ်ကို တည်ဆောက်ပြီး ၁၂-၇-၁၉၉၂ ရက်နေ့တွင်လည်းကောင်း၊ ဦးပိုင် အမှတ် ၅၈ မြေဧရိယာ (၁.၃၇၄)ကေနှင့် ဦးပိုင်အမှတ် ၅၉(က) မြေဧရိယာ (၂.၇၉၂)ကေ စုစုပေါင်း

မြေဧရိယာ (၄.၁၆၆)ဧကအပေါ်မှာ ကျိုင်းတုံဟိုတယ်သစ်ကို တည်ဆောက်ပြီး ၁၈-၉-၁၉၉၆ ရက်နေ့တွေမှာ စတင်ဖွင့်လှစ် လုပ်ငန်းလုပ်ကိုင်ခဲ့တယ်လို့ သိရပါတယ်။ ဖော်ပြပါ မြေနေရာများကို ပြည်ထဲရေးဝန်ကြီးဌာန၊ ကျိုင်းတုံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၁၀-၁-၁၉၉၇ ရက်စွဲပါစာအရ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအမည်နှင့် မြေလွှဲရရှိထားခဲ့တယ်လို့ သိရှိရပါတယ်။ အခုလက်ရှိအခြေအနေမှာ ကျိုင်းတုံဟိုတယ်ကို ကျိုင်းတုံ Paradise အမည်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ၅-၇-၂၀၁၆ ရက်စွဲပါ ခွင့်ပြုမိန့်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ဒေါက်တာဖုန်းမြင့် သို့ မြေအသုံးချခ ပရီမီယံကြေး ငွေကျပ်(၂၅)သန်း ပေးသွင်းစေပြီး ၂၀၁၄ ခုနှစ်ကနေ ၂၀၆၄ ခုနှစ်အထိ နှစ်(၅၀)နှင့် ဆက်လက်ပြီး (၁၀)နှစ် (၂)ကြိမ် သက်တမ်းတိုး ငှားရမ်းခွင့်စာချုပ် ချုပ်ဆို လုပ်ကိုင်ခွင့်ပြုထားပါတယ်။ ကျိုင်းတုံဟိုတယ်သစ်ကိုလည်း Amazing Kyaing Tone Resorts အမည်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ၁၁-၁-၂၀၁၇ ရက်စွဲပါ ခွင့်ပြုမိန့်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ဦးအောင်မျိုးမင်းဒင် သို့ မြေအသုံးချခပရီမီယံကြေး ငွေကျပ်(၂၀၀)သန်း ပေးသွင်းစေပြီး ၂၀၁၅ ခုနှစ်မှ ၂၀၆၅ ခုနှစ်အထိ နှစ်(၅၀)နှင့် ဆက်လက်ပြီး(၁၀)နှစ် (၂)ကြိမ်၊ သက်တမ်းတိုး ငှားရမ်းခွင့်ကို စာချုပ် ချုပ်ဆို လုပ်ကိုင်ခွင့်ပြုထားပါတယ်။

သို့ဖြစ်ပါ၍ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းထားတဲ့ မြေနေရာဟာ ဌာနအမည်ပေါက် မြေလွှဲရရှိထားတဲ့ မြေပေါ်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင် (၂)ဦးကို နှစ်(၇၀)နှစ်ရှည် ငှားရမ်းထားတဲ့ ဟိုတယ်များ ဆောက်လုပ်တည်ရှိနေပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိနေတာဟာ ဌာနက တရားဝင်အငှားချထားတဲ့ စာချုပ်များ သက်တမ်းကုန်ဆုံးခြင်း မရှိသေးပါသဖြင့် ယင်းစာချုပ်များ သက်တမ်းကုန်ဆုံးချိန်မှာ ပြည်သူပိုင်သိမ်း အဆောက်အအုံများကို မူလပိုင်ရှင်နှင့် ပိုင်ရှင်၏ ဆက်ခံသူများက ပြန်လည်လျှောက်ထားသည့်ကိစ္စများနှင့် စပ်လျဉ်း၍ လိုက်နာရမည့် ညွှန်ကြားချက်များနှင့်အညီ စဉ်းစားဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၅)ဦး မေးမြန်းသည့် မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင်း မြို့ရှောင်လမ်း (၁၈)ပေအကျယ်မှ (၅၀)ပေအကျယ် တာချဲ့ခြင်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၇။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုသည့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင်း မြို့ရှောင်လမ်း (၁၈)ပေအကျယ်မှ (၅၀)ပေအကျယ် တာချဲ့ခြင်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ဆမီးမြို့ဟာ ပလက်ဝမြို့နယ်နှင့် မတူပီမြို့နယ် ဆက်သွယ်သည့်ကားလမ်းပေါ်တွင် တည်ရှိပြီး ချင်းပြည်နယ်အတွင်း တောင်နှင့်မြောက် ဆက်သွယ်ထားသောလမ်းပေါ်တွင် တည်ရှိသောမြို့ ဖြစ်ပါတယ်။ လက်ရှိ ဆမီးမြို့တွင်း လမ်းပေါ်တွင် ကတ္တရာလမ်းခင်းပြီး ဖြစ်သော်လည်း ၎င်းလမ်းဟာ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအိမ်များ ကြားတွင် ဖောက်လုပ်ထားသောလမ်း ဖြစ်သည့်အတွက်ကြောင့် နှစ်စဉ် ကျောင်းသူ၊ ကျောင်းသားများ၊ ဒေသခံ ပြည်သူများသွားလာတဲ့လမ်း ဖြစ်ပါတယ်။ လမ်းမကြီးအဖြစ် အသုံးပြုပါက ကားကြီးများ၊ လိုင်းကားများ ပြေးဆွဲသွားလာမည် ဖြစ်တဲ့အတွက်ကြောင့် နေ့စဉ် အန္တရာယ်များ ရှိလာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးမြို့တွင်းလမ်းဟာ နောက်ထပ်တာချဲ့ဖောက်လုပ်ရန် မြေနေရာ မရှိသည့်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆမီးမြို့တွင်း မြို့ရှောင်လမ်း၊ (၁၈)ပေအကျယ်အား လမ်းဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်ပေးပြီး ဖြစ်ပါတယ်။ တာချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနအား အကြိမ်ကြိမ်တင်ပြသော်လည်း ယနေ့အထိ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။ ဆမီးမြို့တွင်း မြို့ရှောင်လမ်း(၁၈)ပေအကျယ်မှ (၅၀)ပေအကျယ် ဖောက်လုပ်ပေးပါက ပြည်နယ်အတွင်း ဆက်သွယ်ရေး

လမ်းမဖြစ်သည့်အတွက် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်မည်ဖြစ်ပြီး မြို့ပြစီမံကိန်း အကောင်အထည်ဖော်ရာတွင်လည်း လမ်းမကြီးပေါ် အခြေခံပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် မြို့သူမြို့သား၊ ဒေသခံပြည်သူများကိုယ်စား လွှတ်တော်မှတစ်ဆင့် တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင်း မြို့ရှောင်လမ်း (၁၈)ပေ အကျယ်မှ (၅၀)ပေအကျယ် တာချဲ့ခြင်းအား ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ရွှေကျီးနားရပ်ကွက်မှ စင့်ကင်ကျေးရွာသို့ တာပိန်ချောင်းကို ဖြတ်၍ ရာသီမရွေး သွားလာနိုင်သည့် ကွန်ကရစ်တံတား ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ရွှေကျီးနားရပ်ကွက်မှ စင့်ကင်ကျေးရွာသို့ တာပိန်ချောင်းကိုဖြတ်၍ ရာသီမရွေး သွားလာနိုင်သည့် ကွန်ကရစ်တံတား ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်း မေးမြန်းရခြင်းရဲ့ အကြောင်းပြချက်များကို အနည်းငယ် တင်ပြလိုပါတယ်။

ဗန်းမော်မြို့၊ ရွှေကျီးနားရပ်ကွက်နှင့် စင့်ကင်ကျေးရွာအား တာပိန်ချောင်းကြီးကဖြတ်၍ ရေဝတီမြစ်ထဲသို့ စီးဆင်းနေပါတယ်။ စင့်ကင်ကျေးရွာရှိသည့်ဘက်တွင် ကျေးရွာပေါင်း (၁၅)ရွာခန့် ရှိပြီး လူဦးရေ (၂၃၀၀၀)ကျော်ခန့် နေထိုင်ပါတယ်။ တာပိန်ချောင်း တစ်ဘက်ကမ်းရှိ ကျေးရွာများမှာ စင့်ကင်ကျေးရွာ၊ သဖန်းပင်ကျေးရွာ၊ ကျွန်းကြီးကျေးရွာ၊ မံပင်ကျေးရွာ၊ မိုင်းကာကျေးရွာ၊ ငှက်ပျောတောကျေးရွာ၊ ကုန်းခါးကျေးရွာ၊ မြစေတီကျေးရွာ၊ တိန်းသော်ကျေးရွာ၊ ချောင်းဝကျေးရွာ၊ ကျွဲဂျိုကမ္ဘာဇီကျေးရွာ၊ ဟဲလုံသစ်ကျေးရွာ၊ မန်နောင်ကျေးရွာ၊ ခုံဆင့်ရွာသစ်ကျေးရွာနှင့် နှင်းအိ

ကျေးရွာများ ရှိကြပါတယ်။ ၎င်းရွာများတွင် နေထိုင်ကြသည့်လူပေါင်းမှာ (၂၃၀၀၀)ကျော်ခန့် ရှိပါတယ်။ အိမ်ခြေစုစုပေါင်း (၄၈၆၂) အိမ်ထောင်စုခန့်ရှိပြီး လယ်ယာကေပေါင်း (၁၈၉၅၀)ကေကျော်ရှိပါတယ်။ ၎င်းလယ်ယာများတွင် စပါး၊ ပြောင်း၊ သစ်သီးဝလံများ စိုက်ပျိုးကြပြီး ထွက်ရှိလာသည့် လယ်ယာထုတ်ကုန်များကို တာပိန်မြစ်တစ်ဘက်ကမ်းရှိ ရွှေကျီးနားရပ်ကွက်မှတစ်ဆင့် ဗန်းမော်မြို့သို့ သယ်ဆောင်၍ မော်တော်၊ စက်လှေတို့ဖြင့် ခက်ခဲစွာ သယ်ယူရောင်းချရပါတယ်။

ထိုအခက်အခဲများကို ကျော်လွှားရန်အတွက် ၁၉၇၄ ခုနှစ်မှစ၍ ယနေ့အထိ နှစ်ပေါင်း (၄၅)နှစ်ကျော်ကြာအောင် တာပိန်ချောင်းအား နှစ်စဉ် ယာယီဝါးတံတား ပေ(၁၇၀၀)ခန့် ဆောက်လုပ်၍ ဖြတ်ကူးရပါတယ်။ ဖော်ပြပါ ကျေးရွာပြည်သူများမှ ပြုလုပ်သည့် ဝါးတံတားသည်လည်း အသုံးပြုနိုင်သည့်ကာလမှာ ဆောက်လုပ်ပြီး(၆)လသာ အသုံးပြုနိုင်ပါတယ်။ ရေတိုးလာသည့်အခါ ဆောက်လုပ်ထားသော ၎င်းဝါးတံတားအားဖျက်၍ နောက်(၆)လကြာမှ ပြန်လည် ဆောက်လုပ်ရပါတယ်။ (၆)လသာ အသုံးပြုရန်အတွက် ကျေးရွာပြည်သူများမှ ငွေကျပ်သိန်း(၁၈၀)ခန့် နှစ်စဉ် ကုန်ကျလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့ ရွှေကျီးနားရပ်ကွက်မှ စင့်ကင်ဘက်ခြမ်းသို့ ရာသီမရွေး သွားလာနိုင်ရန် တာပိန်ချောင်းအား ကွန်ကရစ်တံတား တည်ဆောက်ပေးမည်ဆိုပါက ဖော်ပြပါ ကျေးရွာများရှိ ပြည်သူဦးရေ (၂၃၀၀၀)ကျော် အိမ်ခြေစုစုပေါင်း (၄၈၆၂)အိမ်အတွက် ပညာရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာ တိုးတက်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်လာမည်ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ရွှေကျီးနားရပ်ကွက်မှ စင့်ကင်ကျေးရွာသို့ တာပိန်ချောင်းကိုဖြတ်၍ ရာသီမရွေး သွားလာနိုင်သည့် ကွန်ကရစ်တံတား ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ စင့်ကင်ကျေးရွာ ပြည်သူများ၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်း ဒေသကြီး၊ ထောက်ကြန့် မြို့ရှောင်ကတ္တရာလမ်း အရှည်(၁)မိုင် (၇)ဖာလုံအား ပြုပြင်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် လမ်းနယ်ကျူးကျော် အဆောက်အဦများကို စနစ်တကျ ဖယ်ရှားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများ ပြည့်စုံလျက် မင်္ဂလာအပေါင်း

ခညောင်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၉)ရဲ့ ရွေးချယ်ခံကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။

ကျွန်တော့်မေးခွန်းကို အထောက်အကူဖြစ်စေမယ့် Projector Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြတောင်းခံအပ်ပါတယ်။ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်နှင့် မှော်ဘီမြို့နယ် နယ်နိမိတ် ထောက်ကြန့်မြို့ရှောင် ကတ္တရာလမ်းအရှည် (၁)မိုင် (၇)ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လမ်းတံတားအဖွဲ့ခွဲ(၈)မှ ၁၉၉၄ ခုနှစ်မှာ စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ကတ္တရာခင်းပြီးစီး၍ စတင်အသုံးပြုခဲ့တယ်လို့ သိရှိရပါတယ်။ လမ်းသစ်ဖွင့်ပွဲရက် အတိအကျညွှန်ကြားချက်ဖြင့် သတ်မှတ်ပြီး ဖောက်လုပ်ရသောကြောင့် ရှိသင့်ရှိထိုက်သော အရည်အသွေး မမီလို့လား၊ မိုးကြီးရေကြီး လမ်းပေါ်ရေလျှံလို့လား၊ ဝန်ပိုတင်တဲ့ကုန်ကား အဖြတ်အသန်းများလို့လား အကြောင်းကြောင်းတွေကြောင့် လမ်းသားအကျယ် (၈၀)ပေမှာ တွင်းတွေ၊ ချိုင့်ခွက်တွေ၊ ရေအိုင်တွေ၊ ဗွက်အိုင်တွေ ရောပြွမ်းပြီး တစ်စတစ်စ ပျက်စီးလာခဲ့ရာ ယခုအချိန်မှာ အပျက်စီးတကာ့အပျက်စီးဆုံး ဖြစ်လို့နေပါတယ်။

မန္တလေး–ရန်ကုန် ပြည်ထောင်စုလမ်းမကြီးနဲ့ ပြည်–ရန်ကုန် လမ်းမကြီးနှစ်ခု ဆုံတွေ့ရာ လမ်းခွဲရာ ထောက်ကြန့်လမ်းဆုံဟာ ကားစီးရေနှင့် လမ်းအကျယ် မမျှတမှုကြောင့် Heavy Traffic ဖြစ်တယ်။ ယာဉ်တိုက်မှု၊ မတော်တဆမှုများ မကြာခဏဖြစ်တာကြောင့် မန္တလေး–ပဲခူးဘက်မှ ပြည်လမ်းမပေါ်သို့ တိုက်ရိုက်ဆက်သွယ်မယ့် မြို့ရှောင်လမ်းကို ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ လူအသွားအလာ၊ ကားကြီး၊ ကားငယ် ဖြတ်သန်းသွားလာမှု များပြားလာသည့်အပြင် အစပထမက ကွမ်းယာဆိုင် ယာယီတဲများ စတင်ရောင်းချခဲ့သော်လည်း နောက်ပိုင်းဆိုင်နှင့်တွဲလျက် အခြေတကျ နေအိမ်များ အခိုင်အမာဆောက်လုပ်ခြင်း၊ အရက်ယမကာမျိုးစုံ တွဲဖက်ရောင်းချသော စားသောက်ဆိုင်ကြီးများ၊ ကေတီဗွီခန်းမများ၊ ဆောက်လုပ်ရေးပစ္စည်းရောင်းတဲ့ဂိုဒေါင်များ၊ သံထည်ဟောင်းရောင်းဝယ်စုဆောင်းသောဆိုင်များ အခိုင်အမာ တည်ဆောက်လာကြကာ ကျူးကျော်ခွင့်မရှိတဲ့ လမ်းနယ်ကို ရာနှုန်းပြည့် ကျူးကျော်ဆောက်လုပ် ရောင်းဝယ်ဖောက်ကား နေကြသဖြင့် လေးလမ်းသွားကားလမ်းမှာ နှစ်လမ်းသွားပင်မကျန်တော့အောင် လမ်းကြောပျောက်နေပါတယ်။

Power Point မှာတင်ပြထားတဲ့အတိုင်း လမ်းမျက်နှာပြင်မှာ ဗွက်အိုင်၊ ရေအိုင်၊ ချိုင့်ခွက်များဖြင့် ပြည့်နေသောကြောင့် လမ်းချောလို့ရှိရင် **(၁၀)**မိနစ်ကြာ မောင်းရမည့်ကားတွေဟာ မိနစ် (၆၀)ကျော် တစ်နာရီကြာမျှ ကြာအောင် ကွေ့ရှောင်ပြီးတော့ မောင်းနှင်နေရတဲ့အပြင် ကုန်ကားနှစ်စီးချင်း မျက်နှာချင်းဆိုင်ဆုံပါက မည်သို့မှ လမ်းဘေးချ ရပ်၍မရအောင် အခြေအနေဆိုးဝါးနေပါတယ်။ ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုပါ ထောက်ကြန့်မြို့ရှောင် ကတ္တရာလမ်းအရှည် (၁)မိုင် (၇)ဖာလုံကို ပြုပြင်ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် လမ်းနယ်ကျူးကျော်

အဆောက်အအုံများ ဆောက်လုပ်ထားခြင်းကို စနစ်တကျ ဖယ်ရှားပေးနိုင်ခြင်း ရှိ/မရှိကို မဲဆန္ဒရှင် ပြည်သူများကိုယ်စား ကျွန်တော်မှ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ထောက်ကြန့်မြို့ရှောင်လမ်း ပျက်စီးနေသည့် မြင်ကွင်းပုံ (ဃ)



ထောက်ကြန့်မြို့ရှောင်လမ်း ပျက်စီးနေသည့် မြင်ကွင်းပုံ (ဃ-၁)



နေအိမ်၊ ဆိုင်ခန်း၊ အခြေချအဆောက်အအုံများ တိုးချဲ့ထားသည့် မြင်ကွင်းပုံ (ဃ-၂)



**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်း - တပ်တောင်လမ်းတွင် လမ်းချဲ့ရန် ကျန်ရှိနေသည့် (၂)မိုင် (၂)ဖာလုံနှင့် လမ်းခင်းရန် ကျန်ရှိနေသော (၂)မိုင် (၃)ဖာလုံ၊ လုပ်ငန်းကျန် Over Lay (၄)ဖာလုံအား လာမည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ် ဆောင်ရွက် ပေးရန်နှင့် အမ်းမြို့နယ်အတွင်း ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိလမ်းဦးစီးဌာနမှ နှစ်စဉ်ဘဏ္ဍာငွေ (ပြည်ထောင်စု နှင့် ပြည်နယ်ဘဏ္ဍာငွေ)မည်မျှသုံးစွဲခဲ့သည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၆။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် အမ်း-တပ်တောင်လမ်း တိုးချဲ့ရန် ကျန်ရှိနေသေးတဲ့ (၂)မိုင် (၂)ဖာလုံနှင့် လမ်းခင်းရန် ကျန်ရှိနေ သေးတဲ့ (၂)မိုင် (၃)ဖာလုံ၊ လုပ်ငန်းကျန် Over Lay ဖြစ်နေတဲ့ (၄)ဖာလုံကို လာမည့် ဘဏ္ဍာနှစ်မှာ အပြီးသတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကျွန်မရဲ့ မဲဆန္ဒနယ် အမ်းမြို့နယ်အတွင်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လမ်းဦးစီးဌာနမှ နှစ်စဉ် ဘဏ္ဍာငွေ (ပြည်ထောင်စုနှင့် ပြည်နယ်) ပူးပေါင်းပြီးတော့ မည်မျှသုံးစွဲခဲ့သည်ကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ အမ်းမြို့နယ်အတွင်းမှာ တပ်တောင်-အမ်း လမ်းပိုင်းဟာဆိုရင် (၂၁)မိုင်(၃)ဖာလုံပဲရှိပါတယ်။ ကတ္တရာ

လမ်းပိုင်းကတော့ (၁၇)မိုင်နှင့် ကျောက်လမ်းကတော့ (၄)မိုင်နှင့် (၃)ဖာလုံရှိပါတယ်။ အဲဒီလမ်းဟာဆိုရင် ၁၉၇၉ ခုနှစ်ကနေပြီးတော့ ပုလဲနှင့်ငါးလုပ်ငန်းမှာ ရခိုင်ပြည်နယ်ရှိ ဒေသ ရေထွက်ကုန်ပစ္စည်းများကို မင်းဘူးသို့တင်ပို့ရန်အတွက် မင်းဘူး-အမ်း-တပ်တောင် ကားလမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့တာဆိုရင် ယခု နှစ်ပေါင်း (၄၀)ကျော်လာခဲ့ပါပြီ။ ဒီ(၂၁)မိုင် (၃)ဖာလုံရှိတဲ့လမ်းက အစအဆုံး မကောင်းသေးပါဘူး။ အမ်း - တပ်တောင်လမ်းကို ၁၉၈၂ ခုနှစ်ကနေပြီးတော့ ဆောက်လုပ်ရေးကော်ပိုရေးရှင်းသို့ အပ်နှံပြီးတော့ ဆောင်ရွက်စေခဲ့ပြီးတော့ မင်းဘူး-အမ်း-စစ်တွေလမ်းဟာဆိုရင် မိုင်တိုင် (၁၀၃/၂) (နပခ) လမ်းဆုံကနေပြီးတော့ တပ်တောင်သို့ (၂၁)မိုင် (၃)ဖာလုံရှိပြီးတော့ တာပေါင်လမ်းမှာဆိုရင် (၂၄)ပေပဲ ကျယ်ပါတယ်။ တချို့နေရာများမှာဆိုရင် ကုန်းတက်၊ ကုန်းဆင်း များပြီးတော့ (၁၈)ပေသာရှိတဲ့အတွက်ကြောင့် လမ်း အင်မတန်ကျဉ်းပြီးတော့ သွားရလာရခက်ခဲပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာဆိုရင် အမ်း-တပ်တောင် လမ်းချဲ့ဖို့အတွက် (၂)မိုင် (၂)ဖာလုံအထိ ကျန်ရှိနေကြောင်းလည်း လေ့လာသိရှိရပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ အမ်းမြို့နယ်ဟာဆိုရင် ကျောက်ဖြူခရိုင်မှာရှိပြီး ကျောက်ဖြူ၊ အမ်း၊ ရမ်းဗြဲ၊ မြေပုံ၊ ကမ်းထောင့်ကြီးစတဲ့မြို့များ မှတစ်ဆင့် ရန်ကုန်အထိ ကူးသန်းသွားလာလျက်ရှိပါတယ်။

အမ်းမြို့နယ်ဟာဆိုရင် ရခိုင်ပြည်နယ်မှာ လမ်းပန်းဆက်သွယ်ရေး အထိုက်အလျောက်ကောင်းပေမယ့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး အမ်း-တပ်တောင်လမ်းဟာဆိုရင် တပ်တောင်မြို့မှကျန်တဲ့နေရာများသို့ တစ်လမ်းတည်းသော ကုန်းလမ်းခရီးဖြစ်ပါတယ်။ ပြင်ဆင်ရန် လိုအပ်တဲ့လမ်းပိုင်းဆိုရင် ပြည်သူလူထုသွားလာရတာ အင်မတန်ကြန့်ကြာပြီး လမ်းဖောက်တဲ့ ခုနှစ် ကြာမြင့်လာပြီဖြစ်တဲ့အတွက်ကြောင့် ဒီလမ်းဟာ အစအဆုံး ဖြစ်ပေမယ်လို့ ယနေ့တိုင် အသုံးပြုရတာခက်ခဲလျက်ရှိပါတယ်။ ဒါကြောင့် ဖော်ပြပါမေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်၊ ပလက်ဝ - အဘောင်သား - ခဝဲ ကားလမ်းပေါ်ရှိ ရုပ်ချောင်းကြိုးတံတားဟောင်းအား အသစ်ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၉။**

**ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်

တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း ဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ပလက်ဝမြို့နယ် အတွင်းရှိ မဲဆန္ဒရှင်ဒေသခံပြည်သူများ သွားလာရေးလွယ်ကူစေရန်အကျိုးငှာ ရပ်ချောင်းကြိုး တံတားဟောင်းအား အသစ်ပြန်လည်တည်ဆောက်ပေးရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်၊ ပလက်ဝ-အဘောင်သား-ခဝဲလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စတင်ဖောက်လုပ် သော လမ်းပိုင်းဖြစ်ပါတယ်။ ယခုအခါ အဆိုပါလမ်းပိုင်းသည် လူသွားလာမှု များပြားလာသောလမ်း ဖြစ်သည့်အတွက် သွားလာရေး အထိုက်အလျောက် အဆင်ပြေစေခဲ့ပါတယ်။ ပလက်ဝ-အဘောင်သား လမ်းပိုင်းကိုလည်း ယမန်နှစ်က အပြီးဖောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော် ၎င်းလမ်းပိုင်း ပေါ်တွင် ရပ်ချောင်းတစ်ခုရှိနေသည့်အတွက် မိုးရာသီတွင် ရေကြီးရေလျှံမှုများနှင့် နှစ်စဉ်နှစ်တိုင်းရှိပြီး ချောင်းကို ဖြတ်ကူးသော ဟောင်းနွမ်းကြိုးတံတားမှာ ယိုင်နဲ့နေပြီး ပြည်သူများ သွားလာရေး အန္တရာယ်ရှိနေပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လမ်းပိုင်းသည် ပလက်ဝမြို့နှင့် တိုက်ရိုက်ဆက်သွယ်ဖောက်လုပ်ထားသော လမ်းပိုင်းဖြစ်သည့်အတွက် ပြည်သူများ နေ့စဉ်ရက်ဆက် သွားလာလျက်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြား ခရီးသွား ကိစ္စရပ်များလည်း အဆင်ပြေချောမွေ့လျက်ပင်ရှိပါတယ်။ အထက်တင်ပြပါ လမ်းပိုင်းသည် ယခင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဘတ်ဂျက်ဖြင့် ရပ်ချောင်း ကြိုးတံတား တည်ဆောက်ခဲ့ပါတယ်။ သို့သော် တံတားတည်ဆောက်စဉ်ကတည်းက အရည်အသွေး ညံ့ဖျင်းခြင်း၊ ရေမျက်နှာပြင်ထက် နည်းနည်းသာမြင့်ပြီး မိုးရာသီ ချောင်းရေကြီးချိန်တွင် အမှိုက်သရိုက်များပါခြင်း၊ သဘာဝဘေးဒဏ်များကြောင့် ယခုအခါ ပျက်စီးယိုယွင်းလျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝ-အဘောင်သား- ခဝဲလမ်းပိုင်းပေါ်ရှိ ဟောင်းနွမ်းရပ်ချောင်းကြိုးတံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အဆိုပါ ဒေသခံ မဲဆန္ဒရှင်ပြည်သူများက လိုချင်နေကြပါတယ်။ ဒါကြောင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေဖြင့်လည်း ဦးစားပေးအဆင့်တွင် ထည့်သွင်းလျာထားသင့်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပလက်ဝ-အဘောင်သား- ခဝဲ ကားလမ်းပေါ်တွင် ပေအရှည် (၂၂၀)ရှိ ရပ်ချောင်းကြိုးတံတားဟောင်းအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၃၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၁။**

**ဒေါက်တာကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင်း မြို့ရှောင်လမ်းကို (၁၈)ပေအကျယ်မှ (၅၀)ပေအကျယ် တာချဲ့ခြင်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင်း မြို့ရှောင်လမ်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် (၁၁၄)သန်းဖြင့် (၁၈)ပေအကျယ်လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းကို လမ်းဦးစီးဌာနမှဆောင်ရွက်ပေးခဲ့ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးမြို့တွင်း မြို့ရှောင်လမ်းသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် မူလလမ်းအကျယ် (၁၈)ပေမှ (၃၄)ပေအကျယ် တာချဲ့ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှပေးပို့သော အချက်အလက်များဖြင့် ဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ရွှေကျီးနားရပ်ကွက်မှ စင့်ကင်ကျေးရွာသို့ တာပိန်ချောင်းကိုဖြတ်၍ ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်တံတားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဇန်းမော်မြို့နယ်၊ ရွှေကျီးနားရပ်ကွက်မှ စင့်ကင်ကျေးရွာသို့ ဆက်သွယ်မည့် တာပိန်မြစ်ကူးတံတားအား တည်ဆောက်ပြီးပါက တာပိန်မြစ်တစ်ဘက်ကမ်းရှိ ကျေးရွာ(၂၄)ရွာ၊ အိမ်ခြေ(၄၀၀၀)ကျော်၊ လူဦးရေ(၂၆၀၀၀)တို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ တာပိန်မြစ်ကူးတံတားသည် ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်းအရှည်ပေ(၂၀၀၀)ခန့် တည်ဆောက်ရမှာဖြစ်တဲ့အတွက် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကျွမ်းကျင်ပညာရှင်များဖြင့် တံတားတည်ဆောက်ရန်အတွက် **Feasibility Study ကို** ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ တံတားတည်ဆောက်ခြင်းလုပ်ငန်းများကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ရဲ့နောက်ပိုင်းကာလများမှာတော့ ရန်ပုံငွေများ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့ရှောင် ကတ္တရာလမ်းအရှည် (၁)မိုင် (၇)ဖာလုံအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လမ်းနယ်ကျူးကျော်အဆောက်အအုံများကို စနစ်တကျဖယ်ရှားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ထောက်ကြန့်မြို့ရှောင်လမ်း အရှည်(၁)မိုင်(၇)ဖာလုံသည် မက်(စ်)ဟိုင်းဝေး ကုမ္ပဏီလီမိတက်မှ ၃-၆-၂၀၁၀ ရက်နေ့မှာ B.O.T စနစ်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၅-၈-၂၀၁၀ ရက်နေ့မှာ B.O.T ပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ အဆိုပါ ထောက်ကြန့်မြို့ရှောင်လမ်းပိုင်းသည် ရန်ကုန်-မန္တလေးလမ်း၏ ထောက်ကြန့် - ပဲခူးအပိုင်းနှင့် ရန်ကုန် - ပြည် - မကွေးအပိုင်းတို့၏ ဆက်သွယ်ရေးဖြတ်လမ်းတစ်ခုဖြစ်ပြီး လမ်းအသုံးပြုခ ကောက်ခံခြင်းမရှိကြောင်း ဦးစွာ တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ ထောက်ကြန့်မြို့ရှောင်လမ်းအား (၂၄)ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ (၂၀၀၀၀)စတုရန်းပေအား ကတ္တရာကွန်ကရစ်ဖြင့် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းနှင့် ကျောက်ကတ္တရာဖြင့် (၃၁၆၈၀)စတုရန်းပေအား မျက်နှာပြင်ညှိလွှာခင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယနေ့အချိန်အထိ လုပ်ငန်းပြီးစီးမှုကတော့ (၄၀၀၀) စတုရန်းပေနှင့် (၅၇၆၀)စတုရန်းပေတို့ ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ထောက်ကြန့်မြို့ရှောင်လမ်းကို လမ်းနယ်နိမိတ် အကျယ်(၃၀၀)ပေ သတ်မှတ်ထားပြီး လမ်းနယ်အတွင်း ကျူးကျော်ဝင်ရောက်နေသူများအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ Notice စာများ ပေးပို့ပြီးတော့ တတိယအကြိမ် ပေးပို့ပြီးတဲ့အချိန်အထိ လိုက်နာဖယ်ရှားခြင်းမရှိပါက တရားစွဲဆို ဆောင်ရွက်လျက်ရှိပါတယ်။ ထောက်ကြန့်မြို့ရှောင်လမ်း မိုင်တိုင်(၀/၀)မှ (၀/၄)အကြားရှိ လမ်းဘေးဝဲယာရှိ လမ်းနယ် (၃၀၀)ပေ အတွင်း ကျူးကျော်နေသည့် အဆောက်အအုံ (၄၄)လုံးအား ၁၀-၉-၂၀၁၉ ရက်နေ့တွင် ပထမ အကြိမ်၊ ၃-၁၂-၂၀၁၉ ရက်နေ့တွင် ဒုတိယအကြိမ် Notice စာပေးပို့ပြီးဖြစ်ပါကြောင်းနှင့် ၂၄-၁၂-၂၀၁၉ ရက်နေ့တွင် ကျူးကျော်နေသူများအား တတိယအကြိမ် သတိပေးအကြောင်းကြားစာ ပေးပို့ပြီး ဖြစ်၍ ဖယ်ရှားရှင်းလင်းပေးခြင်းမရှိပါက လမ်းမကြီးများ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းနယ်အတွင်း ကျူးကျော်ဝင်ရောက်မှု များအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးပါက ထောက်ကြန့် မြို့ရှောင်လမ်းအား ပိုမိုအဆင်ပြေ ချောမွေ့စွာ သွားလာအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှပေးပို့သော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ မေးမြန်းထား တဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်း-တပ်တောင်လမ်းတွင် လမ်းချဲ့ရန် ကျန်ရှိနေသေးသည့် (၂)မိုင် (၂)ဖာလုံနှင့် လမ်းခင်းရန် ကျန်ရှိနေသော (၂)မိုင် (၃)ဖာလုံ၊ လုပ်ငန်းကျန် Over Lay (၄)ဖာလုံအား လာမည့် ဘဏ္ဍာရေးနှစ်တွင် အပြီးသတ် ဆောင်ရွက်ပေးရန်နှင့် အမ်းမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ လမ်းဦးစီးဌာနမှ နှစ်စဉ်ဘဏ္ဍာငွေ (ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာငွေ) မည်မျှသုံးစွဲခဲ့သည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှပေးပို့သော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြား သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်အတွင်းရှိ အမ်း-တပ်တောင်လမ်းအရှည် (၂၁)မိုင် (၃)ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ပြည်နယ်အစိုးရ အဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီးတော့ ၃၀-၉-၂၀၁၉ ရက်နေ့ထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၁၈)မိုင် (၄)ဖာလုံနှင့် ကျောက်ချောလမ်း(၂)မိုင် (၇)ဖာလုံဖြစ်ပါတယ်။ အဆိုပါလမ်း၏(၁)မိုင် (၄.၅) ဖာလုံအား (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း၊ (၁)မိုင်အား (၄၀)ပေအကျယ် မြေသားတာပေါင် ချဲ့ခြင်း၊ (၃)ဖာလုံအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အရှည်(၅၀)ပေအထက် တည်ဆောက်ဆဲ တံတား(၄)စင်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း ပြင်ဆင်

ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် (၁၁၃၈.၂၅၀)သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန် ကျန်ရှိနေတဲ့ (၁)မိုင် (၂.၅)ဖာလုံအား (၄၀)ပေအကျယ် မြေသား တာပေါင်ချဲ့ခြင်းနှင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်းတွေကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံသွားမည် ဖြစ်ပြီးတော့ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အမ်းမြို့နယ်အတွင်းရှိ မင်းဘူး-အမ်း-စစ်တွေလမ်းအရှည် (၆၄)မိုင် (၆)ဖာလုံ၊ အမ်း-တပ်တောင်လမ်းအရှည် (၂၁)မိုင် (၃)ဖာလုံ၊ အမ်း-ပဒဲကြော-မအီလမ်း အရှည်(၃၆)မိုင် (၅)ဖာလုံ၊ ညောင်ချောင်း-တပ်တောင်လမ်းအရှည် (၇)မိုင်၊ အမ်းမြို့တွင်းလမ်းအရှည် (၁)မိုင် (၃)ဖာလုံနှင့် တပ်တောင်-ရှူး-တမန်းဒူးလမ်းအရှည် (၂၆)မိုင် (၁)ဖာလုံ စုစုပေါင်းလမ်း(၅)လမ်းအတွက် အရှည် (၁၅၇)မိုင် (၂)ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက် လျက်ရှိတဲ့ လမ်းပိုင်းများဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမ်းမြို့နယ်အတွင်းရှိ အဆိုပါ လမ်းပိုင်းများ အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ရန်ပုံငွေကျပ် (၁၇.၅)ဘီလီယံနှင့် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် (၁၈.၄၁၅)ဘီလီယံ စုစုပေါင်း ရန်ပုံငွေကျပ်(၃၅.၉၁၅)ဘီလီယံရရှိခဲ့ပြီး AC ခင်းခြင်း(၃)ဖာလုံ၊ ကွန်ကရစ်လမ်းခင်းခြင်း (၆)ဖာလုံ၊ ကတ္တရာလမ်းခင်းခြင်း (၁၃)မိုင် (၁၈)ပေနှင့်အထက် ကတ္တရာလမ်းချဲ့ခြင်း (၁၀)မိုင် (၆.၅)ဖာလုံ ကျောက်ချောလမ်းနှင့် အမာခံလမ်းခင်းခြင်း (၁၈)မိုင် (၁.၅)ဖာလုံ၊ မြေသားတာပေါင်တည်ဆောက်ခြင်း (၄၂)မိုင် (၇.၅)ဖာလုံ၊ မြေထိန်းနံရံတည်ဆောက်ခြင်း (၆၇၆၀)ပေ၊ ပေ(၁၈၀)အောက် တည်ဆောက်ပြီး တံတား(၆၄)စင်းနှင့် တည်ဆောက်ဆဲ တံတား(၃)စင်း၊ ပေ(၁၈၀)အထက် တည်ဆောက်ပြီးတံတား (၁)စင်းနှင့် တည်ဆောက်ဆဲတံတား (၂)စင်း၊ စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ် လမ်း တံတားများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း မေးမြန်း ထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပလက်ဝ-အဘောင်သား-ခဝဲကားလမ်းပေါ်ရှိ ရုပ်ချောင်း ကြိုးတံတားဟောင်းအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ ပလက်ဝ-အဘောင်သား-ရပ်ချောင်းဝ-ခရုချောင်းဖျား-တွီစဝန်(ပြိုင်စု)-မြောင်း-ပိန္နဲတပင်-ကျောက်ပျဉ်ထောင့်-ကွမ်းဘုတ်လမ်းပေါ်၌ တည်ရှိသော ရပ်ချောင်းကြိုးတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော တံတားဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကျေးရွာချင်းဆက်လမ်းများ၏ အဆင့်အတန်း (Class A,B,C )နှင့် ဦးစားပေးအဆင့်(၁)၊ (၂)၊ (၃) သတ်မှတ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ရပ်ချောင်းကြိုးတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၃) လမ်းပေါ်မှာတည်ရှိသော တံတားဖြစ်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းကာလများ၌ ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မေး၊ မေး။ မိုက်ပေးလိုက်။

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ထောက်ကြန့် မြို့ရှောင်လမ်းကို ခုနတုန်းက ဒုတိယဝန်ကြီး ဖြေသွားပါတယ်။ နှစ်စဉ် ကျောက်ကတ္တရာ ခင်းတဲ့လုပ်ငန်းကို နှစ်စဉ် လုပ်တယ်လို့ ပြောသွားပါတယ်။ အခု ကျွန်တော် သိရှိလေ့လာချက်အရတော့ ၂၀၁၀ ပြည့်နှစ်မတိုင်ခင်တုန်းက တစ်ကြိမ် လုပ်ပါတယ်။ အခု ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှာ ဒီ မက်(စ်)ဟိုင်းဝေးကို တာဝန်လွှဲပြီးတဲ့နောက်ပိုင်းမှာ တစ်ကြိမ်မှ မလုပ်ရသေးပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်တော် ပြီးခဲ့တဲ့ စနေနေ့ ၁-၂-၂၀၂၀ ရက်နေ့အထိဟာ ကျွန်တော် Power Point မှာ ပြထားတဲ့အတိုင်းပဲ လမ်းပေါ် ကျူးကျော်အဆောက်အအုံတွေ ရှိနေပါသေးတယ်။ အဲဒါကြောင့် ကျွန်တော် မေတ္တာရပ်ခံချင်တာကတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုတော့ ထပ်ပြီးတော့ ထပ်ဆင့်မေးဖို့ တောင်းဆိုချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဘာလဲ။ ဘာမေးတာလဲ။ မေးတာနားလည်လား။ နားလည်ရင် ဖြေပေးလိုက်ပါ။

**ဒေါက်တာကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းကို ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်ပြီးတော့ ပေးပို့သွားမှာဖြစ်ပြီးတော့ အဲဒီကလာတဲ့ အချက်အလက်များကို ကျွန်တော် ပြန်လည်ပေးပို့သွားပါမယ်။ ကိုယ်စားလှယ်တော်ကို ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀:၄၁။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင် ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသား စာကြည့်တိုက် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဒေါ်နန်းနီနီအေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသား စာကြည့်တိုက် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉-၆၆၁

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ ၃၀ ရက်

၁။　ပြည်သူ့လွှတ်တော်က အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို ၆ - ၁၂ -၂၀၁၉ ရက်နေ့ တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့ လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူ

နှင့် ဖြန့်ချိသူများအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၇ – ၁၂ –၂၀၁၉ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် –

(က) ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ) ၏ နောက်တွင် အပိုဒ်ခွဲ(င) အဖြစ် ဦးစီးဌာန ဆိုသည်မှာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနကို ဆိုသည်။ ဆိုသည့် စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ ပိုမိုတိကျမှုရှိစေရန်အတွက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ) တွင် ဖော်ပြထားသော စာအုပ်စာတမ်းနှင့် ပတ်သက်သော ဆိုသည့် စကားရပ်ကို စာအုပ်စာတမ်း၏ ပုံနှိပ်မှတ်တမ်းနှင့်ပတ်သက်သော ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇ တွင်ဖော်ပြထားသော ပြည်တွင်းထုတ် ပုံနှိပ်စာများ ဆိုသည့်စကားရပ်ကို ပြည်တွင်းထုတ် ထုတ်ဝေစာများ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က) နှင့် (ခ) တို့တွင် ဖော်ပြထားသော ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများ ဆိုသည့်စကားရပ်ကို ထုတ်ဝေသူများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၄ တွင် ဖော်ပြထားသော အရေးကြီးသော စာပေပစ္စည်းများကို ရွေးချယ်သတ်မှတ်ပြီး မူပိုင်ခွင့်ကို မထိခိုက်စေဘဲ ဆိုသည့်စကားရပ်ကို အရေးကြီးသော စာပေအနုပညာပစ္စည်းများကို ရွေးချယ်သတ်မှတ်ပြီး မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၇ တွင် ဖော်ပြထားသော မူလပိုင်ရှင်ထံမှ တစ်နည်းနည်းဖြင့် ကူးယူ၍ဖြစ်စေ ဆိုသည့်စကားရပ်ကို မူလပိုင်ရှင်ထံမှ ခွင့်ပြုချက်ရယူပြီး တစ်နည်းနည်းဖြင့် ကူးယူ၍ဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးပြင်ဆင် ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၂၊ အပိုဒ်ခွဲ(စ) နှင့် (ဈ)၊ အပိုဒ် ၁၃ တို့ကို ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မြန်မာစာအရေးအသားနှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူရန် ထိရောက်ဟန့်တားသည့် ဒဏ်ကြေးငွေ ပြဋ္ဌာန်းချက်များ ဖော်ပြပါရှိနိုင်စေရန်လည်းကောင်း ပြင်ဆင်ထားပြီးဖြစ်ပါသဖြင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀:၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် လက်မှတ်ရေးထိုးဖော်ပြပြီး ၆-၂-၂၀၂၀ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀:၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး ။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ကို ၁၀:၄၈ နာရီအချိန်တွင် ရပ်နားပါသည်။ ]